ပင်လယ်ရေသည် သန့်ရှင်းစင်ကြယ်စေသော (ဝူဿွူ၊

ဂုစုလ်ပြုလုပ်ရန် အသုံးချနိုင်သော) ရေဖြစ်၏။ ထို့ပြင်၎င်း၏ အသေကောင်သည်လည်း ဟလာလ်ဖြစ်သည်ဟု

မိန့်ကြားတော်မူခဲ့သည်။

အဗူဟုရိုင်ရဟ်(ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ လူတစ်ဦးသည်
အလ္လာဟ်အရှင်မြတ်၏တမန်တော် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) အားဤသို့လျှောက်ထားမေးမြန်းခဲ့သည်- "အို- အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်၊
ကျွန်တော်တို့သည် ပင်လယ်ခရီးထွက်ကြပြီး အနည်းငယ်မျှသော ရေကိုသာ
ကျွန်တော်တို့နှင့်အတူ ယူဆောင်သွားကြပါသည်။ အကယ်၍ ကျွန်တော်တို့သည် ထိုရေဖြင့်
ဝူဿွူပြုလုပ်လိုက်ပါက ရေငတ်ခြင်းကို ခံစားရမည်။ သို့ဖြစ်ရာ ပင်လယ်ရေဖြင့် ဝူဿွူ
ပြုလုပ်ခွင့်ရှိပါသလော။ ထိုအခါတမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)က
ပင်လယ်ရေသည် သန့်ရှင်းစင်ကြယ်စေသော (ဝူဿွူ၊ ဂုစုလ်ပြုလုပ်ရန် အသုံးချနိုင်သော)
ရေဖြစ်၏။ ထို့ပြင် ၎င်း၏ အသေကောင်သည်လည်း ဟလာလ်ဖြစ်သည်ဟု မိန့်ကြားတော်မူခဲ့သည်။ [صحيح] [رواه أبو داود والترمذي والنسائي وابن ماجه وأحمد]

လူတစ်ဦးသည် အလ္လာဟ်အရှင်မြတ်၏တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) အားဤသို့လျှောက်ထားမေးမြန်းခဲ့သည် - ကျွန်တော်တို့သည် ပင်လယ်ထဲတွင် ငါးဖမ်းခြင်း သို့မဟုတ်ကုန်သွယ်ခြင်းစသည့် ကိစ္စရပ်များအတွက် သင်္ဘောများစီးနင်း(၍ခရီးထွက်) ကြပါသည်။ကျွန်တော်တို့နှင့်အတူ သောက်သုံးရန် သင့်တော်သော ရေအနည်းငယ်ကို ယူဆောင်သွားကြပြီး၊အကယ်၍ ထို‌သောက်သုံးရေကို ဝူဿွူလုပ်ခြင်းနှင့် ဂုစ်လ်(ရေချိုးခြင်း)တို့အတွက်သုံးစွဲလိုက်ပါက ကုန်ခန်းသွားမည်ဖြစ်ပြီး၊ ကျွန်တော်မျိုးတို့အတွက် သောက်သုံးရန်ရေရှိတော့မည် မဟုတ်ပါ။ သို့ဖြစ်ပါ၍ ကျွန်တော်မျိုးတို့အဖို့ ပင်လယ်ရေဖြင့်ဝူဿွူပြုလုပ်ခွင့် ရှိပါသလား။ ထိုအခါ အလ္လာဟ်အရှင်မြတ်၏ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) က ပင်လယ်ရေနှင့်ပတ်သက်၍ ဤသို့ မိန့်ကြားတော်မူခဲ့သည်- ပင်လယ်ရေသည် ကိုယ်တိုင် သန့်ရှင်းပြီး၊ အခြားအရာများကိုလည်းသန့်ရှင်းစင်ကြယ်စေနိုင်သည်။ ထိုရေဖြင့် ဝူဿွူလုပ်ခြင်းနှင့် ဂုစ်လ် ရေချိုးခြင်းပိုင်သည်။ ထို့အပြင် ပင်လယ်မှထွက်သော ငါးစသည်တို့ကို စားသုံးခြင်းသည်လည်းဟလာလ်ခွင့်ပြုထားသည်။ ထိုငါးများသည် ဖမ်းယူခြင်းကြောင့် မဟုတ်ဘဲပင်လယ်မျက်နှာပြင်ပေါ်တွင် သေလျှက်ပက်လက်မျောနေသည်ကို တွေ့ရှိရသည့်တိုင်၎င်းကိုစားသုံးခြင်းသည်ဟလာလ်ပင်ဖြစ်သည်။

https://sunnah.global/hadeeth/my/show/8355


النجاة الخيرية
ALNAJAT CHARITY


لجنة الدعوة الإلكترونية
EDC
E-Da'wah Committee